# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်စျေးကွက်သတင်းလွှာ

December 8 , 2025 Volume 97 , Number 6


၈-၁၂-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၇.၂၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၀.၁၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၉၇.၄၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၃.၇၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၀၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၉၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၁.၅၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၉၅ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## တစ်နိုင်ငံလုံးတွင် ပြောင်းသီးနှံစိုက်ဧက တစ်သန်းခန့်ရှိပြီး ရှမ်းပြည်နယ်တွင် ၆၅ ရာခိုင်နှုန်းအထိ အများဆုံးစိုက်ပျိုး



တစ်နိုင်ငံလုံးတွင် ပြောင်းသီးနှံစိုက်ဧက တစ်သန်းခန့်ရှိပြီး ရှမ်းပြည်နယ်တွင် ၆၅ ရာခိုင်နှုန်းအထိ အများဆုံးစိုက်ပျိုးနေကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းမှ သိရသည်။ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီတွင် ရှမ်းပြည်နယ်၌ ပြောင်းစိုက်ဧက သုံးသိန်းကျော်သာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခု ၂၀၂၅ ခုနှစ်တွင် ဧကပေါင်း ခြောက်သိန်းကျော် အထိ တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့သည်။

လက်ရှိတွင် ပြောင်းသီးနှံ စိုက်ပျိုးမှုမှထွက်ရှိသည့် ၃၅ ရာခိုင်နှုန်းကို တိရစ္ဆာန် အစာနှင့် ပြည်တွင်းလုပ်ငန်း အမျိုးမျိုးအတွက် အသုံးပြုလျက်ရှိပြီး ပိုလျှံသည့် ၆၅ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့ရောင်းချနေခြင်းဖြစ်သည်။

ထိုကဲ့သို့ တင်ပို့ရောင်းချရာတွင် ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် နှစ်စဉ် ဖေဖော်ါရီမှဩဂုတ်လအထိတင်ပို့ပြီး ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် အိန္ဒိယစသည့် နိုင်ငံများ

သို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ်အတွင်းစိုက်ပျိုးသည့် ပြောင်းစိုက်တောင်သူအများစုမှာ မျိုးဈေးကြီးမြင့်ခြင်း၊ သွင်းအားစုများ ဈေးကြီးမြင့်ခြင်းကြောင့် ပြောင်းစိုက်ခင်းများ ဓာတ်မြေသြဇာပြည့်မီအောင် မထည့်နိုင်သူများ အထွက်နှုန်းကျဆင်းမှုများကြောင့်လည်း ယခင်နှစ်ထက် စိုက်ပျိုးစရိတ်ပိုမိုကုန်ကျပြီး ပြောင်းဈေးမှာကျဆင်းနေသဖြင့် တောင်သူများ တွက်ခြေကိုက်မှုနည်းနေကြောင်း ပြောင်းစိုက်တောင်သူတစ်ဦးကပြောသည်။ ပြောင်းစိုက်တောင်သူများအနေဖြင့် အရည်အသွေးမမီသည့် မျိုးများဖြင့် စိုက်ပျိုးရခြင်း၊ သွင်းအားစုနှင့် မြေပြုပြင်မှုကို စနစ်တကျမဆောင်ရွက်နိုင်ခြင်းက အထွက်နှုန်းကျဆင်းရခြင်းဖြစ်သည်။

ပြောင်းမျိုးစေ့မှာ နိုင်ငံခြားစပ်မျိုးများကို အသုံးပြုရခြင်း၊ မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးပြီး သွင်းအားစုကို ပြည့်မီစွာ ထည့်သွင်းစိုက်ပျိုးပါက ပြောင်းဈေးကျဆင်းသော်လည်း အထွက်နှုန်းကောင်းသဖြင့် တောင်သူများတွက်ခြေကိုက်သည့် သီးနှံဖြစ်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ဘင်္ဂလားဒေ့ရှ်သို့ ဧည့်မထဆန်တန်ချိန် ၇၅၀၀ တင်ပို့နိုင်ရန် စီစဉ်



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုဇုန်စီမံကိန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အစိုးရအချင်းချင်း Government to Government (G to G)စနစ်ဖြင့် ဧည့်မထ ၅ မှတ် ဆန်တန်ချိန် ၇၅၀၀ တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယင်းသို့ G to Gစနစ်ဖြင့် ဧည့်မထ ၅ မှတ် ဆန်တန်ချိန် ၇၅၀၀ တင်ပို့နိုင်ရေး ကြိတ်ခွဲထုတ်လုပ်ရာတွင် ၄၀၀ ကီလိုဝပ်ဆိုလာစနစ် တပ်ဆင်ပြီး ဆန်အရည်အသွေးပြည့်မီအောင် စနစ်တကျကြိတ်ခွဲနေခြင်း ဖြစ်သည်။

ထို့ပြင် ပုသိမ်စက်မှုဇုန်စီမံကိန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ G to G စနစ်ဖြင့် ပထမအကြိမ် ဆန်တန်ချိန် ၂၅၀၀ ကို MVMCS 11 သင်္ဘောပေါ်သို့ ကုန်တင်ပို့ခြင်းဆောင်ရွက်နေပြီး ယင်းသို့ တင်ပို့သည့် ဆန်အရည် အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း တင်ဆောင်နိုင်ရေး၊ ပို့ကုန်တင်ပို့ရာတွင် ကုန်သွယ်မှုဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပို့နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကို အခြေခံသည့်တိုင်းဒေသကြီးဖြစ်ပြီး ဆန်စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ခြင်းကြောင့် ပြည်တွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပြည်ပပို့ကုန်ကဏ္ဍမှ နိုင်ငံခြားငွေတိုးမြှင့်ရရှိစေရန် ဆောင်ရွက်ပေးနိုင်လျက်ရှိကြောင်း သိရသည်။

**Source: The Standard Time Daily**

## တောင်သူများ အဓိကသုံးစွဲနေသော မြေသြဇာအမျိုးအစား ၂ မျိုးအတွက် ရည်ညွှန်းဈေးများ သတ်မှတ်ထုတ်ပြန်

မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ တောင်သူများ အဓိကသုံးစွဲနေသော မြေသြဇာ အမျိုးအစား ၂ မျိုးအတွက် ရည်ညွှန်းဈေးများ သတ်မှတ်ထုတ်ပြန်ထားသည်။

ဒီဇင်ဘာလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အတွက် လက်ကား ရည်ညွှန်းဈေးနှုန်းများကို ထုတ်ပြန်ထားခြင်းဖြစ်ပြီး ယူရီးယားမြေသြဇာ (အလုံးကြီး) ၅၀ ကီလိုတစ်အိတ်ကို ၉၄,၀၀၀ ကျပ်၊ Di Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ်ကို ၁၁၅,၀၀၀ ကျပ် သတ်မှတ်ထားခြင်းဖြစ်ကြောင်း သိရသည်။



ယခုသတ်မှတ်ထားသည့် ဈေးနှုန်းများသည် ရန်ကုန်အထိုင် လက်ကားဈေးများဖြစ်ပြီး ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်ပေါ် မူတည်ကာ ဈေးနှုန်းအနည်းငယ် ကွာခြားမှုရှိနိုင်ကြောင်း၊ မြေဩဇာများ ကို ရည်ညွှန်းဈေးနှင့်အညီ ရောင်းချခြင်းမပြုပါက တိုင်ကြားနိုင်ကြောင်း အသိပေးထားသည်။

ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၏ ဧပြီလမှဒီဇင်ဘာလအထိ ၉ လ အတွင်း မြေဩဇာတန်ချိန် ၁ သိန်းခွဲကျော် တင်သွင်းထားကြောင်း သိရသည်။

**Source: Popular News Journal**

## ကုလားပဲ ယခုတစ်ပတ် ဈေးတက်လာ




ကုလားပဲကလည်း ယခုတစ်ပတ်မှာ ဈေးတက်လာတာ တွေ့ရပါတယ်။ ကုလားပဲက ပြည်တွင်းစားသုံးမှုများတဲ့ ပဲဖြစ်တာကြောင့် ပြည်တွင်းဝယ်လိုအား ကောင်းပါက ဈေးနှုန်းမြင့်တက်လေ့ရှိပါတယ်။ ကုလားပဲကိုတော့ ပဲခွဲစက်၊ ပဲကြော်လုပ်ငန်း အပါအဝင် အစားအသောက်လုပ်ငန်းတွေက အဓိကဝယ်ယူတာ ဖြစ်ပါတယ် ။

မန္တလေးကုန်စည်ဒိုင်မှာ ကုလားပဲ v2 တစ်အိတ်ကို ၂၄၀,၀၀၀ မှ ၂၄၁,၀၀၀ ကျပ်ရှိပြီး အရင်အပတ်ကထက် ၁၅၀၀၀ ကျပ် တက်လာပါတယ်။ ကုလားပဲ v7 က ၂၂၅,၀၀၀ ကျပ်ရှိပြီး ၇၀၀၀ မှ ၁၀၀၀၀ ကျပ်တက်ပါတယ်။ ကုလားပဲ ထိုင်ဝမ်က ၂၂၅,၀၀၀ မှ ၂၂၇,၀၀၀ ကျပ်ရှိပြီး ၅၀၀၀ ကျပ်တက်လာကာ ကုလားပဲ 929 က ၂၃၈,၀၀၀ မှ ၂၄၀,၀၀၀ ကျပ်ရှိပြီး ၁၄၀၀၀ ကျပ် တက်လာပါတယ်။

Source: AMIA

https://t.me/htwettoe

## ရွှေဘိုပေါ်ဆန်းဆန်ဈေး ဈေးအနည်းငယ်မြင့်တက်သော်လည်း အခြားပေါ်ဆန်းဆန်သစ်များ ဈေးကျလာ




မြန်မာနိုင်ငံသားများ ကြိုက်နှစ်သက်သည့် ဆန်ချောအမျိုးအစားဖြစ်သော ရွှေဘိုပေါ်ဆန်းဆန်က ဈေးအနည်းငယ်မြင့်တက်သော်လည်း အခြားပေါ်ဆန်း အမျိုးအစား ဆန်သစ်များက ဈေးကျလာသည်။

နိုဝင်ဘာလနောက်ဆုံး ရက်သတ္တပတ် ရန်ကုန်ဆန်စပါးကုန်စည်ဒိုင်တွင် အမျိုးအစားအလိုက် ရွှေဘိုပေါ်ဆန်းလက်ကားဈေး တစ်အိတ်လျှင် အနည်းဆုံး ကျပ် ၁၈၀,၀၀၀ မှ ၁၉၀,၀၀၀ အကြား မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ ဈေးသတ်မှတ်သည်။

ဒီဇင်ဘာလဆန်းတွင် အမျိုးအစားအလိုက် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၁၈၅,၀၀၀ မှ ၁၉၅,၀၀၀ သို့ ဈေးမြင့်သွားသည်။ ရက်သတ္တပတ်အတွင်း ရွှေဘိုပေါ်ဆန်းက တစ်အိတ်လျှင် ကျပ် ၅,၀၀၀

ဈေးမြင့်တက်လာသည်။ "ရွှေဘိုက ဆန်သစ်ပေါ်ဖို့လိုသေးတာရယ် သယ်ယူစရိတ်တွေများတာရယ်ကြောင့် ဈေးနည်းနည်းပြောင်းသွားတာပါ" ဟု ဆန်ကုန်သည်တစ်ဦးက ရှင်းပြသည်။

မြန်မာနိုင်ငံတွင် ရွှေဘိုပေါ်ဆန်းကို စစ်ကိုင်းတိုင်းရှိ မြို့နယ် ၇ မြို့နယ်တွင် အဓိကစိုက်ပျိုးထုတ်လုပ်ပြီး မြန်မာနိုင်ငံအနှံ့ တင်ပို့ရောင်းချနေသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းဆန်ဈေးကွက်တွင် ရွှေဘိုပေါ်ဆန်းက ဈေးအမြင့်ဆုံးဖြစ်ပြီး ပြည်တွင်းစားသုံးသူများ၏ နှစ်သက်မှုအမြင့်ဆုံး ဆန်အမျိုးအစားဖြစ်သည်။

ထို့ပြင် ရန်ကုန်ဈေးကွက်တွင် ရောင်းချနေသည့် ဧရာဝတီပေါ်ဆန်း ဆန်ဟောင်းများက ဈေးငြိမ်နေပြီး ဆန်သစ်များက ဈေးအနည်းငယ်လျော့ကျလာသည်။ ရန်ကုန်ဆန်ကုန်စည်ဒိုင် လက္ကားဈေးကွက်တွင် ဧရာဝတီပေါ်ဆန်းအမျိုးအစားဖြစ်သည့် ကြားပုံနယ်စုံ (အဟောင်း) က တစ်အိတ်လျှင် ကျပ် ၁၄၀,၀၀၀ မှ ၁၅၀,၀၀၀၊ ဖျာပုံ (ကြားပုံ) တစ်အိတ်လျှင် ကျပ် ၁၄၅,၀၀၀ မှ ၁၆၂,၀၀၀ ဈေးသတ်မှတ်သည်။

ပေါ်ဆန်းဆန်ဟောင်းများ ဈေးငြိမ်နေသော်လည်း ပေါ်ဆန်းဆန်အသစ်များဖြစ်သည့် နယ်စုံပေါ်ဆန်းက တစ်အိတ်လျှင် ကျပ် ၁၁၀,၀၀၀ မှ ၁၂၀,၀၀၀ ဈေးသတ်မှတ်ရာမှ ကျပ် ၁၀၃,၀၀၀ မှ ၁၁၃,၀၀၀ သို့ဈေးကျပြီး၊ ကြားပုံနယ်စုံအသစ်က ကျပ် ၁၂၂,၀၀၀ မှ ၁၂၅,၀၀၀ ဈေးသတ်မှတ်ရာမှ ကျပ် ၁၂၀,၀၀၀ မှ ၁၂၅,၀၀၀ သို့ ဈေးလျော့ချသတ်မှတ်သည်။

ဆန်ကြမ်းအမျိုးအစားတွင် ခွဲနီ(ရှယ်) တစ်မျိုးမှအပ ကျန်ဆန်များက ဈေးငြိမ်နေသည်။ ဆန်ကြမ်းခွဲနီ (ရှယ်)က တစ်အိတ်လျှင် ကျပ် ၈၀,၀၀၀ မှ ၉၅,၀၀၀ ဈေးသတ်မှတ်ရာမှ ၈၅,၀၀၀ မှ ၉၅,၀၀၀ သို့ ဈေးပြောင်းလဲသည်။

**Source: AMIA**

**Green Way**

## ညှော့မထဆန်(ဟောင်း)၊ ညှော့မထဆန်(သစ်)နှင့် ဆန်ကွဲB(1,2)ဈေးများ တည်ငြိမ်လျက်ရှိပြီး ပေါ်ဆန်းမွှေးဆန်၊ ဆန်ကွဲB(2,3,4) နှင့် ဖွဲနု ဈေးများမြင့်တက်

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှု အပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျဖြစ်ပေါ်လျက်ရှိပါသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် (၂၈.၁၁.၂၀၂၅) ရက်တွင် ညှော့မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၆၅,၀၀၀ ကျပ်၊ ညှော့မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၅၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၁၀,၀၀၀ ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၅,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၄၁,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၄,၆၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ (၅.၁၂.၂၀၂၅) ရက်နေ့တွင် ညှော့မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၆၅,၀၀၀ ကျပ်၊ ညှော့မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၅၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၁၀,၀၀၀ ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၅,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၄၁,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၄,၆၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ယခုတစ်ပတ်ကာလနှိုင်းယှဉ်ချက်အရ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၁၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၁၂၀၀ ကျပ်ဖြင့် ဈေးများမြင့်တက်ကာ ညှော့မထဆန် (မနောသုခ)(ဟောင်း)၊ ညှော့မထဆန်(မနောသုခ)(သစ်)နှင့် ဆန်ကွဲB(1,2)ဈေးများ တည်ငြိမ်လျက်ရှိပါသည်။ ပေါ်ဆန်းမွှေးဆန်၊ ဆန်ကွဲB(2,3,4)နှင့် ဖွဲနုဈေးများမြင့်တက်သွားခြင်းမှာ ဝယ်လိုအားများခြင်းကြောင့် ဈေးမြင့်တက်သွားခြင်း ဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံမှ သိရှိရပါသည်။

Source: ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

https://myantrade.gov.mm/article/bago%205%2012%202025%201439

## ၂၀၂၅ ခုနှစ်တွင် ကော်ဖီတင်ပို့မှုမှတစ်ဆင့် ဝင်ငွေအမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်ရရှိရန် ခန့်မှန်းရသည့် ဗီယက်နမ်



ဗီယက်နမ်ကော်ဖီ-ကိုကိုးအသင်း (Vicofa) က ၂၀၂၅ ခုနှစ်တွင် ကော်ဖီတင်ပို့မှုမှတစ်ဆင့် ဝင်ငွေအမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော် ရရှိရန် ယုံကြည်ချက်ရှိနေကြောင်း သိရပါသည်။ အသင်း၏အဆိုအရ ထိုခန့်မှန်းမှုသည် ထုတ်ကုန်အရည်အသွေးတိုးတက်ခြင်း၊ ပြုပြင် ထုတ်လုပ်ထားသည့် ထုတ်ကုန်အချိုးအစား မြင့်တက်ခြင်းနှင့် ရေရှည် ဗျူဟာမြောက်စိုက်ပျိုးမှုကိုအခြေခံ၍ ဈေးကွက်တိုးချဲ့ခြင်းစသည့် အဓိကအချက် ၃ ချက်အပေါ် အခြေခံကြောင်း သိရပါသည်။

စိုက်ပျိုးမွေးမြူရေးနှင့်သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန၏ အဆိုအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဗီယက်နမ်သည် ကော်ဖီတန်ချိန် ၁ ဒသမ ၃ သန်းတင်ပို့ရာမှ ဝင်ငွေအမေရိကန် ဒေါ်လာ ၇ ဒသမ ၄၁ ဘီလီယံရရှိခဲ့ပြီး ၂၀၂၄ ခုနှစ် တူညီသည့်ကာလနှင့်နှိုင်းယှဉ်ပါက ၆၁ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရပါသည်။ ပျမ်းမျှတင်ပို့သည့်ဈေးနှုန်းမှာ တစ်တန်လျှင် ၅၆၅၃ အမေရိကန်ဒေါ်လာဖြစ်ပြီး ၂၀၂၄ ခုနှစ် တူညီသည့်ကာလနှင့်နှိုင်းယှဉ်ပါက ၄၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရပါသည်။ အသင်းက ၂၀၂၀ ခုနှစ်မတိုင်မီက နည်းပါးသည့်ဈေးနှုန်းများကြောင့် စိုက်ပျိုးရေးသမားများမှာ ၎င်းတို့၏ကော်ဖီစိုက်ပျိုးမှုကို လျှော့ချခဲ့ခြင်းက ရောင်းအားလျော့ကျစေခဲ့ကြောင်း သိရပါသည်။ တစ်ချိန်တည်းမှာပင် လုပ်ငန်းများသည် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသော အရည်အသွေးတိုးတက်စေရန် စဉ်ဆက်မပြတ်ထုတ်လုပ်မှုကွင်းဆက်တွင် ရင်းနှီးမြှုပ်နှံမှုမြင့်တက်ခဲ့ကြောင်း သိရပါသည်။ ကမ္ဘာလုံးဆိုင်ရာ ရောင်းလိုအားတင်းကျပ်နေသော်လည်း ဝယ်လိုအား ဆက်လက်မြင့်တက်ခြင်းကြောင်း ကော်ဖီဈေးနှုန်းများမှာ သိသာစွာနာလံထူခဲ့ပြီး ပို့ကုန်ဝင်ငွေ စံချိန်တင်စေခဲ့ကြောင်း သိရပါသည်။ အသင်းက လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် အထူးသဖြင့် ဥရောပသမဂ္ဂ-ဗီယက်နမ်လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်သည် စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးသမားများအား တင်းကျပ်သော အရည်အသွေး စံနှုန်းနှင့် ကိုက်ညီသော စိုက်ပျိုးထုတ်လုပ်သည့် အလေ့အထကို အသွင်ကူးပြောင်းစေကြောင်း သိရပါသည်။ ၂၀၂၅ ခုနှစ်တွင် ကော်ဖီလုပ်ငန်းနယ်ပယ် ဂေဟစနစ်ကို တာဝန်ယူမှုရှိသည့် ထုတ်လုပ်ခြင်းနှင့် ကုန်ကြမ်းပစ္စည်းထုတ်လုပ်သည့်ဒေသများအား ပြုပြင် ထုတ်လုပ်သည့်အဆင့်များသို့ ပြောင်းလဲစေနိုင်ခဲ့ကြောင်း သိရှိရပါသည်။

**Vietnam Plus**

**Source: https://www.doca.gov.mm**

https://myantrade.gov.mm/article/naypyitaw_05122025%201315

## ပါကစ္စတန်-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်ဆက်ဆံမှု တိုးတက်လာသည်နှင့်အမျှ ပါကစ္စတန်မှ ဘင်္ဂလားဒေ့ရှ်သို့ ဆန်တန်ချိန် ၁၀၀,၀၀၀ တင်ပို့တော့မည်

ပါကစ္စတန်-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်ဆက်ဆံရေး တိုးတက်လာသည်နှင့်အမျှ ပါကစ္စတန်မှ ဘင်္ဂလားဒေ့ရှ်သို့ ဆန်တန်ချိန် ၁၀၀,၀၀၀ တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း၊ ပါကစ္စတန်၊ ကုန်သွယ်ရေး ကော်ပိုရေးရှင်း (Trading Corporation Pakistan –TCP) က ဆန်တင်ပို့ရန် တင်ဒါခေါ်ယူခဲ့ပြီး၊ ယင်းသည် ပါကစ္စတန်မှ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ခဲ့သော အကြီးမားဆုံး ဆန်တင်ပို့မှုဖြစ်လာမည်ဟု TCP မှ အရာရှိတစ်ဦးကဆိုသည်။ နှစ်နိုင်ငံအကြား ဆန်ကုန်သွယ်မှုကို ယခုနှစ် ဖေဖော်ဝါရီလတွင် ပြန်လည်စတင်ခဲ့ရာ ပထမအသုတ်အဖြစ် ဆန်တန်ချိန် ၅၀,၀၀၀ ကို ပါကစ္စတန်က တင်ပို့ခဲ့ကြောင်း၊ outlookindia သတင်းဌာနက ဖော်ပြထားပါသည်။

ပါကစ္စတန် ထိပ်တန်းဆန်တင်ပို့သူတစ်ဦးက ဘင်္ဂလားဒေ့ရှ်နှင့် ကုန်သွယ်မှုအခြေအနေ ပိုမိုအားကောင်းလာခြင်းသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပထမသုံးလပတ်အတွင်း ပို့ကုန် ၂၈ ရာခိုင်နှုန်း ကျဆင်းခဲ့သော ပါကစ္စတန် ဆန်လုပ်ငန်းကို မြှင့်တင်ပေးနိုင်ကြောင်း၊ ပို့ကုန်ကျဆင်းရခြင်းမှာ ယမန်နှစ်က အိန္ဒိယဆန်တင်ပို့မှု ပြန်လည်စတင်ခြင်း၊ အစိုးရ၏ ကုန်သွယ်မှု အတားအဆီးများ၊ ဘာစမာတီဆန် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း သတ်မှတ်ချက်ကို ဖယ်ရှားခြင်း၊ အရည်အသွေးညံ့ ဆန်ပို့ကုန် များကြောင့်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်မှစ၍ ပါကစ္စတန် ပို့ကုန်လုပ်ငန်းရှင်များသည် အိန္ဒိယနှင့်အောင်မြင်စွာ ယှဉ်ပြိုင်နိုင် ခဲ့ကြောင်း၊ ထို့ပြင် အမေရိကန်က ဘာစမာတီဆန်အပါအဝင် အိန္ဒိယကုန်ပစ္စည်းများအပေါ် ၅၀ ရာခိုင်နှုန်း အခွန်စည်းကြပ်မှုက အမေရိကန်ဈေးကွက်၌ ပါကစ္စတန်ဆန်တင်ပို့မှု ပိုမိုတိုးမြှင့်ရန်အခွင့်အလမ်း ပေါ်ပေါက်လာကြောင်း ပြောကြားခဲ့သည်။

ပါကစ္စတန်အစိုးရက နိုဝင်ဘာ ၂၈ ရက်နေ့ ပိတ်မည့်တင်ဒါတွင် ဆန်အရည်အသွေးနှင့် အနည်းဆုံးဈေးစသည့် သတ်မှတ်ချက်များအပြင် တင်ဒါအောင်မြင်၍ စာချုပ်ပြီးသည်နှင့် ၄၅ ရက်အတွင်း ဆန်တင်ပို့ရန်အသင့်ဖြစ်နေရမည်ဟု (TCP) ကုန်သွယ်ရေးကော်ပိုရေးရှင်းက ဖော်ပြထားသည်။

**ရင်းမြစ်။www.outlookindia.com**

**Source: https://commerce.gov.mm**

https://myantrade.gov.mm/article/naypyitaw_05122025%201317

## STOCK EXCHANGE (8.12.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Dec. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,629 (Shares) | 46,513,250 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 667 | 5,736,200 | 33,109,694 | 284,743 |
| MTSH | 00002 | 3,650 | -100 | -2.67% | 3,700 | 3,700 | 3,650 | 46 | 169,650 | 38,929,150 | 142,091 |
| MCB | 00003 | 8,100 | -200 | -2.41% | 8,000 | 8,500 | 7,900 | 4,022 | 32,682,100 | 10,400,986 | 84,248 |
| FPB | 00004 | 2,350 | +50 | +2.17% | 2,300 | 2,350 | 2,300 | 828 | 1,945,400 | 29,664,613 | 69,712 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 0 | 0 | 12,823,224 | 38,470 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 306 | 505,200 | 19,977,223 | 33,961 |
| AMATA | 00007 | 3,650 | +0 | +0.00% | 3,650 | 3,650 | 3,650 | 34 | 124,100 | 10,497,598 | 38,316 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 1,726 | 5,350,600 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 5th Dec. 2025

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 405.76 | -2.38 | -0.58% | 405.45 | 407.44 | 404.13 | 7,629 | 46,513,250 | 8 | 765,336 |

Index chart



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m, 5th Dec. 2025

| Trading Volume | Trading Value |
|---|---|
| 8,629 (Shares) | 49,163,250 (MMK) |

## Main Board

As of 1:00 p.m, 5th Dec. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,629 (Shares) | 46,513,250 (MMK) |

| MYANPIX | 405.76 ▼ 2.38 |
|---|---|
| Total Volume (shares) | 7,629 |
| Total Value (MMK) | 47 mil |
| Listed Company | 8 |
| Market Cap. (MMK) | 765,336 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲0 |
| MTSH | 00002 | 3,650 | ▼100 |
| MCB | 00003 | 8,100 | ▼200 |
| FPB | 00004 | 2,350 | ▲50 |
| TMH | 00005 | 3,000 | ▲0 |
| EFR | 00006 | 1,700 | ▲0 |
| AMATA | 00007 | 3,650 | ▲0 |
| MAEX | 00008 | 3,100 | ▲0 |

TIR